][

# ကျောင်းစုကျေးရွာ
# ပန်းတနော်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
# (၂၀၂၀-၂၀၂၄)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကျောင်းစုကျေးရွာ၊ပန်းတနော်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊စက်တင်ဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ကျောင်းစုကျေးရွာကျေးရွာသယံဇာတပြမြေပုံ၊ရာသီခွင်ပြပုံ၊အဖွဲ့အစည်းပြပုံ၊ပန်းတင်ော် မြို့** | ၃ |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ** | ၇ |
| | (က) သီးနှံစိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာမီးလင်းရေး | |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | ၁<br>၀ |
| ၇။ | **ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၁၁ |
| ၈။ | **ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား- မရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၂ |
| ၁၀<br>။ | **ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁<br>၈ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | |
| | နောက်ဆက်တွဲ (၄) နှစ်အလိုက်စီမံချက်များစာရင်း | |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၁) | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျောင်းစုကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများပါဝင်ရေးဆွဲထားသည့်ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့်စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များကစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့်စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်းကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည်လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာအား ပြုထားသော်လည်းနောင်ကာလများတွင် ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သောလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင်လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုအခြေအနေကာလအပေါ်မူတည်၍ပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရန်လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပန်းတနော်မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပန်းတနော်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင် ရွက်မည့်ဖွံ့ဖြိုးရေး လုပ်ငန်းများ၊နှစ်စဉ်ဦးစားပေး စီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

စက်တင်ဘာလ၊၂၀၂၀ခုနှစ်
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျောင်းစုကျေးရွာ
ပန်းတနော်မြို့နယ်

မင်းဂရုကျေးရွာအုပ်စု၊ကျောင်းစုကျေးရွာသယံဇာတပြမြေပုံ၊ပန်းတနော်မြို့



# မင်းဂရုကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာ ရာသီခွင်ပြပြက္ခဒိန်



25-1-2020

ကျောင်းရုံးပေါ့ရွာ၏ အဖွဲ့အစည်းမြေပုံ



## ၁။တည်နေရာနှင့်ပထဝီဝင်အနေအထား

ပန်းတနော်မြို့နယ်သည်မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင်တည်ရှိ၍ဧရာဝတီတိုင်း ဒေသကြီး၊မအူပင်ခရိုင်တွင်တည်ရှိပါသည်။ ပန်းတနော်မြို့နယ်သည်မြောက်လတ္တီတွဒ် ၁၆ဒီဂရီ၅၈ မိနစ်နှင့်၁၇ဒီဂရီ၂၃မိနစ် ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ၂၈မိနစ်နှင့်၉၅ဒီဂရီ၅၃မိနစ် ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၄၉၈.၅၂) စတုရန်းမိုင်ကျယ်ဝန်းပါသည်။ အရှေ့မှ အနောက်သို့(၁၇)မိုင်ရှိပြီးတောင်မှမြောက်သို့ (၂၇)မိုင် ရှည်လျားပါသည်။

ပန်းတနော်မြို့နယ်သည်အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့်မအူပင်မြို့နယ်၊ အနောက် ဘက်တွင်အိမ်မဲမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်၊တောင်ဘက်တွင်ဝါးခယ်မမြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူ မြို့ နယ်နှင့်ကျုံပျော်မြို့နယ်တို့နှင့်နယ်နိမိတ်ချင်းထိစပ်လျှက်ရှိပါသည်။

ကျောင်းစုကျေးရွာသည်ပထဝီဝင်အနေအထားအရမြေပြန့်ဒေသဖြစ်ပါသည်။ မင်းဂရကျေးရွာ အုပ်စု တွင် ပါဝင်ပါသည်။ပန်းတနော်မြို့နယ်နှင့် (၁၃) မိုင်ကွာဝေးပါသည်။ ပတ်ဝန်းကျင် ကျေးရွာများမှာ မင်းဂရကျေးရွာ၊ ဇီးပင်ကျေးရွာ၊ ကျုံတမာကျေးရွာ၊ ယင်းကဒစ်ကျေးရွာများ တို့ဖြစ်ပါသည်။ ကျောင်းစုကျေးရွာသည်လယ်လုပ်ငန်း အဓိကလုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်သည်။ အခြားလုပ်ငန်း များကိုလည်း အနည်းငယ်လုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်ပါသည်။

## ၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ပန်းတနော်မြို့နယ်သည်မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသော ဒေသဖြစ်ပါသည်။ ပန်းတနော်မြို့နယ်သည်သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် ၂၉.၂၂°Cရှိပြီး အနိမ့်ဆုံး အပူချိန်မှာ ဇန်နဝါရီလတွင်၂၃.၉၇°C ဖြစ်ပါသည်။ တစ်နှစ် ပျမ်းမျှ မိုးရွာရက် (၁၀၈) ရက်ရှိပြီးပျမ်းမျှ မိုးရေချိန်မှာ (၈၈.၁၉) လက်မဖြစ်ပါသည်။ မိုးအများဆုံးရွာ သွန်းသောလမှာ ဇူလိုင်လနှင့်ဩဂုတ်လများ ဖြစ်ပါသည်။

ကျောင်းစုကျေးရွာတွင်ဓာတ်သတ္တုဆိုင်ရာသဘာဝအရင်းအမြစ်များထွက်ရှိမှုမရှိသည်ကို တွေ့ရှိ ရပါသည်။ မြစ်ချောင်းများရှိသော်လည်း ကျောက်၊သဲထုတ်ယူမှုမရှိပါ။ သို့သော်လည်း ဆေးဖက်ဝင် အပင် များ ဖြစ်သည့်ဘုန်းမသိမ်၊ လောက်သေ၊ ပွေးကိုင်၊ ဆင်တုံးမနွယ်၊ ကုန်းဇေဒါ၊ ကြိတ်မှန်ရွက် နှင့် ကုလားပင်စိမ်းစသည့်တို့ပေါက်ရောက်သောကြောင့် ကျန်းမာရေး အတွက်အရေးပါ သောဆေးဖက်ဝင် အပင်များ ပေါက်ရောက်သည့် ဒေသတစ်ခုလည်း ဖြစ်ပါသည်။ လယ်ယာမြေအသင့်အတင့်ရှိကြပြီးမြေပြန့် ဒေသဖြစ်ကာမြေဆီ အသင့်အတင့်

ကောင်းမွန်သည်။ တောင်သူအားလုံးမှာ အဝီစိတွင်းရေ၊ချောင်းရေဖြင့် လယ်မြေဧက(၁၃၂) ခန့်ကိုသာရေသွင်းစိုက်ပျိုးနိုင်သည်။ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက (၁၃၂)ဧက ရှိပြီး စပါး၊ငရုတ်နှင့် ပဲများကို အဓိကစိုက်ပျိုးကြသည်။

## ၃။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိလူထုဗဟိုပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့ (ကျား-၁၀)ဦး၊ ဝေါပကအဖွဲ့ (ကျား-၁၀၊ မ-၃)ဦး၊ ကျန်းမာရေးအဖွဲ့ (ကျား-၂၊မ-၃) ဦး၊ တို့သည် ကျေးရွာ၏သာရေး၊ နာရေး၊လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အားတက် သရော စုပေါင်း လုပ်ဆောင်နေကြပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန မှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကိုကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်း ပါဝင် ရွေးချယ်ဖွဲ့ စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် တွင် ပါဝင်သောဦးစားပေးလုပ်ငန်း များအားသက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများ နှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၄။စီပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျောင်းစုကျေးရွာတွင်၂.၅ဧကမှ၅ဧကကြားရှိတောင်သူငယ်(၂)အိမ်ထောင်စု၊ ၅ဧကမှ ၁၂.၅ဧကကြားရှိတောင်သူလတ် (၆)အိမ်ထောင်စု၊၁၂.၅ဧကအထက်ရှိတောင်သူကြီး (၃) အိမ်ထောင်စု စသည်တို့ရှိကြသည်။ အဓိအားဖြင့်စပါး၊ငရုတ်နှင့်ပဲများ အဓိကထား စိုက်ပျိုးကြပါ သည်။ မြေယာမဲ့အိမ်ထောင်စုများသည် (၆၃)အိမ်ထောင်စုခန့်ရှိပြီး အများစုသည်နေ့စား/ကျပန်း အဖြစ်လုပ်ကိုင်စားသောက်ကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာအဝီစိတွင်းနှင့် ချောင်းရေ ကို အဓိကအသုံးပြု၍စိုက်ပျိုးရေး လုပ်ကိုင်ကြပြီး အဝီစိတွင်းနှင့်ဝေးကွာသည့် လယ်မြေဧကများတွင်ရေလုံလောက်စွာ မရရှိ သဖြင့် သီးနှံအထွက်နှုန်းမှာ(၅၀) ရာခိုင်နှုန်းလောက်သာရရှိပါသည်။ ကျေးရွာရှိစိုက်ပျိုး တောင်သူများတွင်တစ်ဦးချင်းပိုင် ထွန်စက်(၁)စီး၊ လက်တွန်းထွန်စက်(၅) ရေစုပ်စက် (၁၀) လုံး ရှိပြီး ငှားရမ်းလုပ်ကိုင်ကြသောတောင်သူများလည်းရှိပါသည်။

သီးနှံအထွက်တိုးစေရန်သဘာဝမြေဆွေး၊အော်ဂဲနစ်မြေသြဇာနှင့်ဓါတ်တုပိုးသတ်ဆေး၊ဓါ တ်မြေသြဇာနှင့်အခြားဓါတ်ဗေဒသွင်းအားစုများ၊သီးနှံမျိုးစေ့များကိုလည်းပန်းတနော်ဈေးတွင်ဝ ယ်ယူရရှိနိုင်ပါသည်။သီးနှံဈေးကွက်နှင့်ဝန်ဆောင်မှုတွင်တောင်သူကိုယ်တိုင်သော်လည်းကောင်း၊ ကုန်သည်ပွဲစားများမှတဆင့်သော်လည်းကောင်း၊ရောင်းချနိုင်ကြပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် ကြက်မွေးမြူထားသည့် အိမ်ထောင်စု(၂၀)အိမ်ရှိပြီးကြက်ကောင်ရေ (၁၂၂) ကောင်၊ ဘဲမွေးမြူထားသည့်အိမ်ထောင်စု(၆) အိမ်ရှိပြီးဘဲကောင်ရေ(၁၉)ကောင်၊ ဆိတ်မွေးမြူထားသည့် အိမ်ထောင်စု (၁)အိမ်ရှိပြီး ဆိတ်ကောင်ရေ(၅)ကောင်နှင့် ဝက်မွေးမြူထားသည့် အိမ်ထောင်စု (၇)အိမ် ၊ဝက်ကောင်ရေ (၁၀)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေး ကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပါတ်သတ်သည့်နည်းပညာများနှင့်ကာကွယ်ဆေးထိုးခြင်းဝန်ဆောင်မှုများ မရှိသဖြင့်ရာသီကူးပြောင်းချိန်တွင်ရောဂါများကူးစက်ခံရပြီးပျက်စီးဆုံးရှုံးမှုအနည်းငယ်ရှိသည့် အပြင်စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါကမွေးမြူရေးနည်းပညာနှင့်ပါတ်သက်သည့်အတွေ့အကြုံ၊အသိပညာများအားနည်းကြပါသည်။

**(ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ**

**ကျောင်းစုကျေးရွာတွင်စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲအခြားစီးပွားရေး လုပ်ငန်း လုပ်ကိုင်သူများမှာ**ဈေးဆိုင်၊အရောင်းအဝယ်၊ပန်းရံ-လက်သမား၊ခေါင်းရွက်ဗျက်ထိုး၊ ဆိုင်ကယ်တက်စီအငှါးလိုက်အစရှိသည့် လုပ်ငန်းများကိုလုပ်ကိုင်ကြသည်။ **နေ့စားအလုပ်လုပ်ကိုင်သူမူများ မှာ ဈေးဆိုင်ဝန်ထမ်း**၊ပန်းရံ-လက်သမားအလုပ်သမားများ အဖြစ်**သွားရောက်လုပ်ကိုင်ကြသည်။ တစ်နေ့လျှင်လုပ်အားခကျား(၅၀၀၀) ကျပ်၊မ (၃၀၀၀) ကျပ်ရရှိပါသည်။ ကျေးရွာအိမ်ထောင်စုပေါင်း (၆၃) ခန့်လုပ်ကိုင်ကြသည်။ ကျေးရွာတွင်စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်း ပညာနှင့်အသေးစား/ အလတ်စားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာဝန်ဆောင်မှုများ မရှိသဖြင့်အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများကျွမ်းကျင်စွာတတ်မြောက်မှုမရှိခြင်းတို့ကြောင့်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။လယ်ယာသားငါးထွက်ကုန်မဟုတ်သောအခြားဒေသထွက်ကုန်များကိုရောင်းချရန်ဈေးကွက်အသင့်အတင့်ရှိသော်လည်းဈေးကွက်ဆိုင်ရာအသိအမြင်ရှိမှုအားနည်းပါသည်။**

**(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ငွေချေးရန်အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမ ဦးစီး ဌာန တို့ဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီးတစ်ဧကလျှင် (၁၅၀,၀၀၀) ကျပ်နှုန်းထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးငွေမှာ (၁,၅၀၀,၀၀၀) ကျပ်ဖြစ်သည်။အတိုးနှုန်းမှာ (၀.၄၂) ကျပ်နှုန်းဖြစ်ပြီး လတိုးဖြစ်သည်။ ထုတ်ချေးသည့်ကာလမှာ (၇) လဖြစ်သည်။ လယ်သမားများအနေဖြင့် လုံလောက်သောချေးငွေပမာဏအားနှစ်ရှည် (အနည်းဆုံး၃နှစ်) ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်ပေသည်။

သမဝါယမအဖွဲ့မှငွေထုတ်ချေးသည့်အစီအစဉ်မှာအဖွဲ့ဝင်ဖြစ်လျှင်ထုတ်ချေးနိုင်သည်။အဖွဲ့ဝင်ဖြစ်ရန် (၅,၀၀၀) ကျပ်စုရသည်။ စိုက်ပျိုးရေးနှင့်ကျပန်းဟူ၍ ငွေထုတ်ချေးသည့် ပုံစံ(၂)မျိုးရှိပါသည်။အတိုးနှုန်းလည်းမတူချေ။ငွေပမာဏမှာတစ်ဦးလျှင်ပထမအကြိမ်တွင် (၁၀၀,၀၀၀) ကျပ် ထုတ်ချေးနိုင်ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်အခြားချေးငွေ/ပြင်ပအဖွဲ့အစည်းများဖြစ်သော UNDP နှင့် Korea အဖွဲ့အစည်းများရှိပါသည်။

**၅။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ကျုံတနီး- မင်းဂရုလမ်းပေါ်တွင်တည်ရှိပြီး **ကျောင်းစုကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်လမ်းခရီးကိုသာအများဆုံးအသုံးပြုနိုင်ပါသည်။ ကားလမ်းနံဘေးကျေးရွာဖြစ်သည့်အတွက် လမ်းကိုတစ်နှစ်ပတ်လုံးအသုံးပြုနိုင်ပါသည်။ အသုံးပြုသောယာဉ်များမှာ** လှေ၊သမ္ဗာန် (၁၄)စီး၊ စက်လှေ(၉)စီး၊ **စက်ဘီး (၃၂)စီး၊မော်တော်ဆိုင်ကယ် (၃၆)စီးနှင့်** သုံးဘီးဆိုင်ကယ်(၁)စီး၊**ထော်လာဂျီ (၂)စီး**၊ ကား(၂)စီး**ရှိပါသည်။**

**ကျေးရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်ပြီးကွန်ကရစ်လမ်းအဖြစ်ကိုကျေးရွာလူထုမှကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောကြောင့်အဆင်ပြေစွာသွားလာနိုင်အောင်ဆောင်ရွက်နိုင်ပါသည်။မြေသားလမ်းများမှာမိုးတွင်းကာလများတွင်လမ်းများပေါ်သို့ရေကျော်ပြီးဗွက်များ၊ချိုင့်များဖြစ်ကာသွားလာရအဆင်မပြေမှုများရှိနေပါသည်။**

**(ခ) ကျေးရွာမီးလင်းရေး**

**ကျေးရွာမီးအလင်းရောင်အတွက် ဒီဇယ်အင်ဂျင်ကို** အများဆုံးအသုံးပြုကြပါသည်။ **အိမ်ခြေ(၇၄)အိမ်ခြေရှိပြီး လျှပ်စစ်ဓါတ်အားလိုင်းနှင့် မဝေးကွာသောလည်း ကျေးရွာအတွင်းလက်လုပ်လက်စား ဆင်းရဲသားများပြားပြီး ကုန်ကျစရိတ်များသောကြောင့် ကျေးရွာအနေဖြင့်လက်တလောတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်းအား ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း (၅)နှစ်တာကာလအတွင်းနိုင်ငံတော်နှင့်ပူးပေါင်း၍ဆောင်ရွက်လိုကြောင်းတွေ့ရှိရပါသည်။ ကျေးရွာလူထုမှလျှပ်စစ်မီးလင်းရေးကိုစိတ်ဝင်းစားကြပါသည်။**

**(ဂ) သတင်းနှင့်ဆက်သွယ်ရေး**

**ကျောင်းစုကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း**(၁၂၁)**လုံး၊ ရေဒီယို** (၁၁)**လုံး၊တီဗွီ** (၃၇)**လုံး၊ဂြိုလ်တုစလောင်း** (၃၃)**လုံးစသည်တို့မှရရှိသည့်အပြင်** Ooredoo, MPT, Mytel, Telenor **ဖုန်းလိုင်းများ ဆက်သွယ်ရေးဆိုင်ရာအခက်အခဲများ အထူးတလည်မရှိပေ။**

**၆။ပညာရေး**

ကျောင်းစုကျေးရွာရှိတွင်းအခြေခံပညာမူလတန်းကျောင်းရှိပြီး ကျောင်းသား/ သူများ ပညာသင်ကြားနေရပြီး အဆိုပါကျောင်းဆောင်မှာ၃၀ ’x ၂၀ ’x ၁၀ ’ရှိသော တစ်ထပ်အုတ်ကျောင်း ဖြစ်ပြီးအရည်အသွေးကောင်းမွန်မှုရှိပါသည်။ကျောင်းအုပ်ဆရာမကြီး (၁) ဦး၊ လက်ထောက်ဆရာ၊ဆရာမ (၃) ဦးရှိပါသည်။ဆရာ၊တပည့်အချိုးအားဖြင့် (၄၀) အောက်ဖြစ်ပါသည်။ ကျောင်းတွင်အခန်း များခွဲထားပါသည်။ သောက်သုံးရေကိုကျောင်းဝင်း အတွင်းရှိ လက်နှိပ်တုံကင်မှခပ်ယူသုံးစွဲပါသည်။ (၂) ခန်းတွဲအိမ်သာ(၂)လုံးကလည်း ကျောင်းသူ၊ ကျောင်းသား များအတွက် လုံလောက်မှုရှိပါသည်။ထိုင်ခုံနှင့်စာရေးခုံများလိုအပ်ချက်ရှိပါသည်။

ကျေးရွာတွင်စာမတတ်သည့် လူဦးရေအများစုမှာသက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ စာမတတ်သူလူဦးရေမှာ (၁၇.၄)ရာခိုင်နှုန်းရှိပြီး၊ မူလတန်းအဆင့် စာတတ် မြောက်သည့် လူဦးရေမှာ (၂၆)ရာခိုင်နှုန်းအထိသာရှိခြင်း၊ အလယ်တန်းအဆင့်စာ တတ် မြောက်သူများမှာ (၃၁.၄) ရာခိုင်နှုန်း၊အထက်တန်းအဆင့်စာတတ်မြောက်သူများမှာ (၁၅.၇) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်သူမှာ (၉.၅)ရာခိုင်နှုန်းတို့ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူစွမ်းအားအရင်းအမြစ်ကောင်းများအနေဖြင့် အနည်း ငယ်သာ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**၇။ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

**ကျန်းမာရေးအတွက်တစ်ခုခုဖြစ်ပွားပါက (၅)မိုင်အတွင်းကွာဝေးသော** မင်းဂရကျေးရွာရှိ **ဆေးရုံတွင်အဓိကထား၍သွားရောက်ပြသပါသည်။တိုက်နယ်ဆေးရုံတွင်ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိပါသည်။ အသေးစားကျန်းမာရေးနှင့် ဆိုင်သော ဆေးဝါးများကိုကျေးရွာအတွင်းရှိကုန်စုံဆိုင်များတွင်ရရှိနိုင်ပြီးအကြီးစား ကျန်းမာရေးအတွက်** မင်းဂရကျေးရွာရှိဆေးဆိုင်တွင်ရနိုင်ပါသည်။ **အရေးပေါ်ကိစ္စရပ် များအတွက်ကိုမူ ပန်းတနော်မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့သွားရောက် ပြသကြပါသည်။ ကျေးရွာအတွင်းတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းတစ်ခန်းထားရှိရန်နှင့် ကျန်းမာရေးဝန်ထမ်းတစ်ဦးရှိခြင်းဖြင့် ကျေးရွာ အတွက်ပါကောင်းမွန်သောအကျိုးသက်ရောက်မှုရှိလာပါမည်။**

တုံကင်နှင့်အဝီစိတွင်း (၂၄) တွင်းနှင့် လက်ငင်ရေတွင်း (၃) တွင်းရှိပြီး တချို့အိမ်ထောင်စုများမှာ ချောင်းရေကိုသာ အဓိကထား သောက်သုံးကြပါသည်။ သောက်ရေအတွက် လုံလောက်မှုရှိသော် လည်း ရေအရည်အသွေးမှာညံ့ပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရန်လိုအပ်လျှက်ရှိပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ရေဆွဲအိမ်သာ အသုံးပြုနိုင်သော

အိမ်ထောင်စု (၂) အိမ်ထောင်စု၊ ယင်လုံအိမ်သာသုံးစွဲသောအိမ်ထောင်စုမှာ (၆၉)အိမ်နှင့် အိမ်သာမရှိသော အိမ်ထောင်စုမှာ (၃) အိမ်ထောင်စုရှိပြီး ကျေးရွာအုပ်စုရှိ ကျေးလက်ဆေးပေးခန်းမှ ဆရာ/ဆရာမများကလည်း ရာသီအလိုက်ရောဂါဖြစ်ပွားလေ့ ရှိသောအချိန် ကာလတွင်လာရောက် စစ်ဆေးပေးခြင်းနှင့်ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးသောကြောင့် အခက်အခဲမရှိပါကြောင်း အသိပညာတိုးပွားကာအိမ်တိုင်းစေ့သုံးစွဲကြ ကြောင်းလေ့လာတွေ့ရှိရပါသည်။ ကျေးရွာသူ/သားများအနေဖြင့်လိုအပ်သော အစာအာဟာရနှင့် ကျန်းမာရေး အသိပညာများရှိသောကြောင့် ဆုံးရှုံးလေ့လွင့်မှုမရှိပါကြောင်း လေ့လာတွေ့ရှိရ ပါသည်။

**၈။ဘေးအန္တရာယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျောင်းစုကျေးရွာတွင် အမျိုးသမီးဦးဆောင်သောဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စား၊ ကျပန်းများလုပ်ကိုင်သည့်အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်း အိမ်ထောင်စုများသည်သဘောဝဘေးနှင့်စားနပ်ရိက္ခာများမဖူလုံသည့်အခြေအနေများကြုံ တွေ့ပါကအခြားအိမ်ထောင်စုများထက်ပို၍ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

ကျောင်းစုကျေးရွာတွင် သဘာဝဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ၊ အနည်းငယ်ရှိပြီး၊အိမ်ထောင်စုများမှ စားသုံးရန်ထမင်း၊ ဟင်းများချက်ပြုတ်ရန် ထင်းများခုတ်ယူသုံးစွဲသဖြင့်သစ်တောပြုန်းတီးမှုများအနည်းငယ်ရှိပါသည်။ မိုးရာသီတွင်ငှက်ဖျား ရောဂါဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ တီဘီရောဂါဖြစ်ပွားသည့် လူနာအငယ်နည်းရှိပါသည်။ တိရစ္ဆာန် ရောများသည့်ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သောခွာနာ၊လျှာနာခွာနာ နှင့်ကြက်၊ ဝက်၊ တုပ်ကွေးရောဂါများဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။

**၉။ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**

ကျောင်းစုကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသမီးမှာ အမျိုးသားဦးရေ ထက်များပါသည်။ ကောက်စိုက်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀) ကျပ်ခန့်ရရှိကြသည်။ ကောက်ရိတ်ချိန်တွင်အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀) ကျပ်ခန့်ရရှိကြပါသည်။ **နေ့စား အလုပ်လုပ်ကိုင် သူများမှာ ဈေးဆိုင်ဝန်ထမ်း၊**ပန်းရံ-လက်သမားအလုပ်သမား များအဖြစ် **သွားရောက်လုပ်ကိုင်ကြသည်။တစ်နေ့လျှင်လုပ်အားခကျား(၃၀၀၀) ကျပ်၊မ (၂၀၀၀) ကျပ်ရရှိပါသည်။ ကျေးရွာအိမ်ထောင်စုပေါင်း (၆၃)စုလုပ်ကိုင်ကြသည်။** ကျေးရွာ၏ စာတတ် မြောက်မှုတွင်လည်း ပညာရေးအဆင့် အလိုက်တွင် အမျိုးသမီးဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးရေးရာအဖွဲ့တို့တွင် အမျိုးသမီးများသာလျှင်ဦးဆောင်ပါဝင်ကြပါသည်။ သို့သော်လည်းကျေးရွာ၏ ဖွံ့ဖြိုး

တိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူအမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။

## ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၏ ကျေးရွာအလိုက် ဦးစားပေးစီမံချက်များ စာရင်း

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ဦးစား ပေး အဆင့် | အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်း | မှတ် |
|---|---|---|---|---|---|---|
| ၁ | ကျောင်းစု | အခြေခံအဆောက်အဦ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁ | ကျေးလက်ဦးစီး/ ကျေးရွာ | |
| ၂ | ကျောင်းစု | လျှပ်စစ် | လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း | ၂ | လျှပ်စစ်/ကျေးရွာ | |
| ၃ | ကျောင်းစု | အခြေခံအဆောက်အဦ | သန့်ရှင်းသောသောက်သုံးရေရရှိအောင်ဆောင်ရွက်ခြင်း | ၃ | ကျေးလက်ဦးစီး / ကျေးရွာ | |
| ၄ | ကျောင်းစု | ငွေကြေး | အတိုးနည်းချေးငွေတောင်းခံခြင်း | ၄ | ကျေးလက်/သမ | [illegible] |
| ၅ | ကျောင်းစု | အခြေခံအဆောက်အဦ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၅ | ပြန်ဆက်/ကျေးရွာ | |
| ၆ | ကျောင်းစု | ကျန်းမာရေး | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | ၆ | ကျန်းမာရေး/ကျေးရွာ | |
| ၇ | ကျောင်းစု | စိုက်ပျိုးရေး | စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲများကျင်းပခြင်း | ၇ | စိုက်ပျိုးရေး/ကျေးရွာ | |
| ၈ | ကျောင်းစု | ငွေကြေး | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၈ | အသေးစားစက်မှုလက်မှု/ ကျေးလက်/ကျေးရွာ | |

## မင်းဂရုကျေးရွာအုပ်စု၊ကျောင်းစုကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသန်းလွင်ဦး | ဦးသန်းဝင်း | ၁၄/နေဖ(နိုင်)၁၁၆၅၉၂ | ၄၀ | ဥက္ကဋ္ဌ | 09-794263858 |
| ၂ | ဦးတင်သန်း | ဦးဖိုးအေး | ၁၄/ပတန(နိုင်)၀၈၇၀၂၆ | ၃၇ | အတွင်းရေးမှူး | 09-691923393 |
| ၃ | ဦးကိုကိုနိုင် | ဦးတင်ရှိန် | ၁၄/ပတန(နိုင်)၁၅၆၁၇၂ | ၅၃ | ဘဏ္ဍာရေးမှူး | 09-792191077 |
| ၄ | ဦးတင်ကိုကို | ဦးသိန်းညွန့် | ၁၄/ပတန(နိုင်)၁၂၀၆၀၆ | ၂၀ | စာရင်းကိုင် | 09-671060644 |
| ၅ | ဦးသိန်းထွန်း | ဦးအေးမောင် | ၁၄/ပတန(နိုင်)၀၄၁၄၆၄ | ၄၈ | အဖွဲ့ဝင် | 09-896272918 |
| ၆ | ဦးမြသန်း | ဦးထွန်းရွှေ | ၁၄/ပတန(နိုင်)၁၂၆၉၆၉ | ၃၇ | အဖွဲ့ဝင် | 09-790148196 |
| ၇ | ဦးညွန့်ဝင်း | ဦးစိန် | - | ၃၅ | အဖွဲ့ဝင် | 09-671253722 |
| ၈ | ဦးရဲကိုကို | ဦးမောင်မောင်တင် | ၁၄/ပတန(နိုင်)၁၆၈၀၅၈ | ၂၈ | အဖွဲ့ဝင် | 09-788132656 |
| ၉ | ဒေါ်မြင့်မြင့်အေး | ဦးထွန်းလူ | ၁၄/ပတန(နိုင်)၂၁၆၆၃၁ | ၄၀ | အဖွဲ့ဝင် | 09-678888527 |
| ၁၀ | ဒေါ်အေးအေးနွယ် | ဦးလှတင် | ၁၄/ပတန(နိုင်)၁၉၁၈၀၅ | ၃၀ | အဖွဲ့ဝင် | 09-773287824 |
| ၁၁ | ဒေါ်ယမင်းချစ် | ဦးသန်းလွင်ဦး | - | ၂၅ | အဖွဲ့ဝင် | 09-662003493 |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | - | ၄ | ၄ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၁၀ | ၉ | ၁၉ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၇ | ၁၄ | ၂၁ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၃ | ၉ | ၂၂ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၀၄ | ၁၀၆ | ၂၁၀ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၂ | ၂၁ | ၃၃ |
| **စုစုပေါင်း** | | ၁၄၆ | ၁၆၃ | ၃၀၉ |
| **စုစုပေါင်း အိမ်ထောင်စု** | | ၇၄ | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅)နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက်(၁၅)နှစ်ပြည့်သည်မှအသက်(၆၅)နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့် အရွယ်များကိုဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။။ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စု (၇၄) အိမ်ရှိပြီး စုစုပေါင်းလူဦးရေ (၃၀၉) ဦး ရှိပြီး ၊ ကျား (၁၄၆)၊ မ (၁၆၃) ဦးရှိပြီး သက်ကြီးရွယ်အိုထက် အလုပ်လုပ်နိုင်သည့် ဦးရေကပိုမိုများပြားပါသည်။( ၅ ) နှစ်အောက် ကလေးငယ်ထက်ကျောင်းနေအရွယ်ကလေးများကပိုမိုများပြားနေပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁၄ | ၈ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၇ | ၅ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | ၂ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄ | ၆ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃ | ၂၉ | ၁၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၁ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၄ | ၄ | မြင့် ☐ လတ် ☑ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | | | | | |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၄၀ | ၈၀ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင်လယ်/ ယာစိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြသော်လည်း ကိုယ်ပိုင် လုပ်ကိုင်သူများအလယ်အလတ်သာရှိပါသည်။အရောင်းအဝယ်လုပ်ကိုင်သူနှင့် ကျပန်းလုပ်ကိုင်သူများ များပြား ကြောင်းလေ့လာတွေ့ရှိရပါသည်။အခြားထုတ်ကုန်လုပ်ငန်းနှင့် ဝန်ထမ်းလုပ်ကိုင်၍ ရပ်တည်မှု အလယ်အလတ်သာ ရှိကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၃၀၀၀ | ၂၀၀၀ | ၃၀၀၀ | ၂၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာ၏ “ကျား” ဝင်ငွေသည် လယ်ယာစိုက်ပျိုးရေးမှာ ၅၀၀၀ကျပ် နှုန်းနှင့် “မ” ဝင်ငွေမှာ ၃၀၀၀ကျပ် နှုန်းရရှိပြီး ထုတ်ကုန်လုပ်ငန်းမှာဆိုလျှင် “ကျား” ဝင်ငွေသည် ၃၀၀၀ ကျပ် နှုန်းနှင့် “မ” ဝင်ငွေမှာ ၂၀၀၀ ကျပ် သာ တွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၃၂ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ ကျွန်းမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၁၃၂ | ☒ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့၏ ကျေးရွာတွင် ၁၃၂ ဧက ရှိပြီး လယ်မြေများဖြစ်ကြပါသည်။၎င်းလယ်မြေ ၁၃၂ ဧက မှာ မြေဆီလွှာ အရည်အသွေးမှာ “သင့်” နေရာမှာရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ☐ သင့် ☐ နည်း☐မရှိ ☑ | လွယ်☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ☐ သင့် ☐နည်း☐မရှိ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း☑မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့် ☐ နည်း☐မရှိ ☑ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် သတ္တုနှင့်အခြားသယံဇာတများရှာမတွေ့နိုင်ပါ။ သဘာဝအပင်မျိုးစုံ ကိုတွေ့ရှိရပါသည်။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များ ရှာမတွေ့နိုင်ပါ။

**(ဃ)ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသောအိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သောအိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင် | များ | အသင့်အတင့် | နည်း | မရှိ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသောအိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သောအိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| သောပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၅ | ၃၁ | ၃၃ | ၅ |

**ရင်းမြစ်… (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု နည်းပါးပြီး အလယ်အလတ်ရှိသောအိမ်ထောင်စုနှင့် မပြေလည်သောအိမ်ထောင်စုမှာ များပြားကြောင်းလေ့လာတွေ့ရှိရပါသည်။ အလွန်မပြေလည်သောအိမ်ထောင်စုများမှာလည်း နည်းပါးကြောင်းလေ့လာတွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၈ | အခြားအစာပြောင်းလဲစား = ၃<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၁<br>ချေးယူ = ၂ |

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| | | လုပ်အားခကြိုယူ = ၂ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၁၂ | အခြားအစာပြောင်းလဲစား = ၃<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၁<br>ချေးယူ = ၄<br>လုပ်အားခကြိုယူ = ၄ |

**ရင်းမြစ်..ဉစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် ၃ လ အောက်ဝမ်းစာ ဖူလုံမှုရှိသည့် အိမ်ထောင်စုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ၃ လနှင့် ၆လ ကြားဝမ်းစာဖူလုံမှုနှင့် ၆လ နှင့် ၁၂ လ ကြား ဝမ်းစာဖူလုံမှု ရှိသည့် အိမ်ထောင်စု များသာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | - | ၁ | ၁ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | - | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့် အထက် အမျိုးသမီး (၁) ဦးရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ

ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။
အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်
အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်
အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)
လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် အိမ်ခြေ ၇၄ လုံးရှိသည့်အနက် သဘာဝရင်းမြစ်ရှားပါးမှုမြေ၊ စိုက်ပျိုးရေးထိခိုက်မှု မှာ "လတ်"နေရာတွင်တွေ့ရှိရပြီး ခေါင်းစဉ် ၁၊၁၀၊၁၁ တို့မှာ "လတ်" နေရာတွင် တွေ့ရှိရပြီး ခေါင်းစဉ် ၁၃၊၁၆၊၁၇၊၁၈ တို့မှာ "နိမ့်" နေရာတွင် တွေ့ရှိရပါသည်။ကျန်ခေါင်းစဉ် များမှာ ထိခိုက်လွယ်မှု မရှိနေရာတွင် တွေ့ရှိရပါသည်။

**(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| **စဉ်** | **ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ** | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐ |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထေ ာင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ☑ |
| ၅ | မြစ်ကမ်းဘေးနေထိုင်သူများ | မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ | မြင့် ☑ လတ်☐ နိမ့် ☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ☑ |
